ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ (18-1-2012) (၇၀၀၈)

ဒို့တာဝန်အရေးသုံးပါး

- ✰ ပြည်ထောင်စု မပြိုကွဲရေး။
- ✰ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ✰ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်အထက်လွှတ်တော်အမတ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်အထက်လွှတ်တော်အမတ် Mr. Addison Mitchell Mc Connell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများတက်ရောက်ကြပြီး အမေရိကန်အထက်လွှတ်တော်အမတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး ယာယီတာဝန်ခံ Mr. Michael E. Thurston လည်း တက်ရောက်သည်။

ယင်းသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများနှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်အထက်လွှတ်တော်အမတ် Mr. Addison Mitchell Mc Connell အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် The Washington Post မှ အကြီးတန်းအယ်ဒီတာနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် The Washington Post မှ အကြီးတန်းအယ်ဒီတာ Ms. Eizabeth Graham Weymouth နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)

စာမျက်နှာ ၃ ကော်လံ ၁ သို့



ကြေးမုံစာတည်းရှုထောင့် ၁၈-၁-၂၀၁၂(ဗုဒ္ဓဟူးနေ့)။

မိခင်နို့စို့ခဲ့ဖူးသော အငိုသန်သား

မိခင်နို့စို့ရသောကလေးများမှာ နို့ဘူးစို့ကလေးများထက် စိတ်တိုစိတ်ဆိုးတတ်ပြီး အငိုလည်းသန်ကြကြောင်း၊ နို့ဘူးစို့ကလေးများမှာ ပိုပြီးရောင့်ရဲတတ်သလို ချော့မော့ရလွယ်ကူကြောင်း၊ မိခင်နို့စို့ရသော ကလေးများအငိုသန်ရခြင်းမှာ ၎င်းတို့သဘာဝကြောင့်ဖြစ်ပြီး ဗိုက်ဆာ၍ ငိုခြင်း၊ တစ်ခုခုအလိုမကျ၍ ငိုခြင်းများ မဟုတ်ကြောင်း၊ ငိုရင်းမောသွားပါက အငိုတိတ်သွားကြောင်း၊ ထိုကလေးများမှာ ပို၍ပင်ကျန်းမာကြောင်း၊ မိခင်နို့မစို့ရဘဲ နို့ဘူးသာစို့ရသောကလေးများမှာ အငိုနည်းပြီး ရောင့်ရဲတင်းတိမ်ကြကြောင်း၊ ငိုပါကလည်း ချော့သိပ်ဖို့လွယ်ကူကြောင်း၊ သို့သော် မိခင်နို့စို့သောကလေးမှာ ကျန်းမာကြံ့ခိုင်ပြီး နို့ဘူးစို့သောကလေးများမှာ ကျန်းမာကြံ့ခိုင်မှုမရှိကြောင်း ဟူသည့် ကလေးသူငယ်လေ့လာဆန်းစစ်ချက် ဘာသာပြန်သတင်းတစ်ပုဒ်ကို မကြာသေးမီက ဖတ်လိုက်ရသည်။

နို့ချိုရည်သည် မိခင်၏မေတ္တာရည်ကြည်ဦးဖြစ်သည်။ သားသမီးအပေါ်ထားရှိသော မိခင်၏ကြီးမားသောအကြင်နာ၊ မေတ္တာနှင့် ယုယမှုတို့ကို နို့ရည်ကြည်မှတစ်ဆင့် ရရှိသောက်သုံးသော ကလေးငယ်က အငိုဖြင့် တုံ့ပြန်လိုက်ခြင်း သက်သက်သာဖြစ်သည်။ မိခင်နို့မစို့ရဘဲ နို့ဘူးသာစို့ရသည့် ကလေးငယ်များသည် စစ်မှန်သည့် မိခင်မေတ္တာကို မရရှိသဖြင့် ဆာလောင်မှုသက်သက်အတွက်သာ ဖြေသိမ့်ရ၍ အငိုနည်းပြီး ရောင့်ရဲကြခြင်းဖြစ်သည်။ မိခင်နို့စို့ရသော ကလေးငယ်သည် ငိုပြရမည့်မိခင်ရှိ၍ ငိုကြသည်။ မိခင်နို့မစို့ရသော ကလေးငယ်သည် ငိုပြရမည့် မိခင်မရှိ၍ မငိုနိုင်။

မိခင်တို့သည် ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် လူဖြစ်စအရွယ် နို့စို့ကလေးငယ်ဘဝမှစ၍ မှက် ခြင် ယင် မသန်း၊ အပူအအေး မရှိ၊ အညစ်အကြေးပါမကျန် လိုသမျှလုပ် ကြိုက်သမျှဆောင်ပေးခဲ့ကြသည်။ အချိန်တန်အရွယ်ရောက် လူလားမြောက်သည့်တိုင် သားသမီးများ၏ လိုအပ်ချက်အဝဝကို ဖြည့်ဆည်းပေးခဲ့ကြသည်။ မွေးကင်းစက ငိုလွယ်သောကလေးငယ်ကို ယုယသကဲ့သို့ ကြီးပြင်းသည့်တိုင် မိဘတို့သည် မိမိတို့၏ သားသမီးများကို အလိုလိုက်အကြိုက်ဆောင်ပေးခဲ့ကြသည်။

ဤကဲ့သို့ မိဘဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်ပေးခဲ့ခြင်းသည် ပုတ္တဒါရဿ သင်္ဂဟ မင်္ဂလာနှင့်အညီသာ ဖြစ်သည်။ နို့ဦးရည်သောက်စို့ဖူးသော ကလေးငယ်ဘဝ အကြောင်းမဲ့ အခါခါငိုကြွေးသည်ကို မိဘများက ခွင့်လွှတ်နားလည်ချော့မြူခဲ့ရသည်မှာ သင့်သည်။ သို့သော် စကားတတ်စမှ လူလားမြောက်သည့်အရွယ်သို့ ရောက်ချိန်တွင်မူ "မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်"ကို ကျင့်သုံးကြရတော့မည်။

သားသမီးများကို ငယ်က မဆုံးမလျှင် ကြီးလျှင် အမိုက်စော်ကားတတ်သည်။ အရွယ်ရောက်သောသားသမီးကို ဆုံးမခြင်းသည် ချစ်ခြင်းသာမည်ပေသည်။ ထိုသားသမီးကို အလိုလိုက်ခြင်းသည် နှစ်ခြင်းသာ မည်ပေလိမ့်မည်။ ယနေ့သားသမီးများသည် မိဘထက် သားတစ်လကြီးလာကြသည်။ ငယ်ရွယ်စဉ်က အငိုလွယ်သည်ကို မိဘကခွင့်လွှတ်ခြင်းသည် သဘာဝဖြစ်သော်လည်း လူလားမြောက်ချိန် ဆိုဆုံးမခြင်းမရှိ အလိုလိုက်ခဲ့လျှင်မူ မိဘသည်သာ အငိုလွယ်ရမည်ဖြစ်သည်။

တစ်ခါက အရွယ်ရောက်ပြီဖြစ်သော သားဖြစ်သူအား ဖခင်ဖြစ်သူက "ဘုရားရှင်က မာတာပိတု ဥပဋ္ဌာနံ လို့ဟောထားတော့ သားက အမိအဖကို လုပ်ကျွေးရမယ်"ဟုဆုံးမလေသည်။ ထိုအခါ သားဖြစ်သူက "ပုတ္တ ဒါရဿ သင်္ဂဟော"လို့ ဘုရားကဟောထားလို့ အဖေက သားကိုကျွေးမွေးစောင့်ရှောက်ရမယ်"ဟု ပြန်လည်ချေပလေသည်။ အမှန်တွင် လူလားမမြောက်မီ ကျင့်သုံးရမည့် မိဘကျင့်ဝတ်နှင့် လူလားမြောက်ချိန်လိုက်နာရမည့် သားသမီးကျင့်ဝတ်ကို နားမလည်သော အငိုသန်သားမိုက်ပင်တည်း။ ။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြင်သစ်ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

ယဉ်ကျေးမှုနှင့် သတင်းနှင့်ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၇

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြင်သစ်သမ္မတနိုင်ငံ အာရှဒေသပူးပေါင်းဆောင်ရွက်ရေးသံတမန် (Ambassador at large for cooperation in Asia) H.E. Mr. Jacques Valade ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြင်သစ်သမ္မတနိုင်ငံ အာရှဒေသပူးပေါင်းဆောင်ရွက်ရေး သံတမန် H.E. Mr. Jacques Valade ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ လာရောက်တွေ့ဆုံ ဆွေးနွေးစဉ်။
(သတင်းစဉ်)

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုအမွေအနှစ် နေရာများကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ ပြတိုက်များ အဆင့်မြှင့်တင်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန လက်အောက်ခံဌာနများတွင် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ခြင်းနှင့် ပညာတော်သင်ဆုများ ချီးမြှင့်ခြင်း၊ နှစ်နိုင်ငံကြား ယဉ်ကျေးမှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကိစ္စများနှင့် သတင်းနှင့် ပြန်ကြားရေးကဏ္ဍတွင်လည်း အလားတူ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုကဲ့သို့ ဆွေးနွေးရာတွင် ပြင်သစ်နိုင်ငံမှ ပုဂံနှင့် အခြားယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ၌ အကူအညီပေးရန်၊ နေပြည်တော်တွင် တည်ဆောက်နေသည့် အမျိုးသားပြတိုက်အတွက် နည်းပညာနှင့် အတတ်ပညာဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရန်နှင့် ကျန်ကဏ္ဍများ၌ ပြင်သစ်နိုင်ငံဘက်မှ ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများကို ဆက်လက်လေ့လာသွားရန် ညှိနှိုင်းဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး H.E. Mr Thierry MATHOU နှင့် သံရုံးတာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၈-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ လျှပ်တစ်ပြက်
၄း၂၅ ၅။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၄၀ ၇။ ရှေးဟောင်းသုတ
၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၃၅)**
၆း၀၀ ၁၀။ မြဝတီ ရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ **Mail Box**
၆း၃၅ ၁၃။ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း -၁၆)
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၄၈)**
၈း၀၀ ၁၅။ မြဝတီ ရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ဒို့တာဝန်အရေး(၃)ပါး
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -သံစဉ်များနဲ့ရွာ (ဇာတ်သိမ်း)(ကောင်းပြည့်၊ ရီရီပွင့်ဖြူ၊ ဝင်းနိုင်၊ဇရာ၊ ခင်လှိုင်နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
၂၁။ အိုင်စီတီသုတ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကွန်းခိုရာ (အပိုင်း-၁)**
၂၄။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၇ - ၁ - ၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၇၁၀၀	၀. ၀၃၁၅၄
တရုတ် (ယွမ်)	၆. ၃၁၄၂၀	၀. ၁၅၈၃၇
အိန္ဒိယ (ရူပီး)	၅၀. ၇၁၃၆	၀. ၀၁၉၇၂
မလေးရှား (ရင်းဂစ်)	၃. ၁၃၁၅၀	၀. ၃၁၉၃၄
စင်ကာပူ (ဒေါ်လာ)	၁. ၂၈၃၃၈	၀. ၇၇၉၁၉
ဂျပန် (ယန်း)	၇၆. ၇၈၈၉	၀. ၀၁၃၀၂
တောင်ကိုရီးယား(ဝမ်)	၁၁၄၆. ၅၉	၀. ၀၀၀၈၇
ယူရို	၀. ၇၈၁၄၈	၁. ၂၇၉၆၂
ဗြိတိသျှ (ပေါင်)	၀. ၆၄၉၅၄	၁. ၅၃၉၇၇

အင်တာနက်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ပျံ့ကျဈေးသည်များနှင့် အနေးယာဉ်သမားများအတွက် ငွေကျပ် ၂၅၂ သိန်း ထုတ်ချေးပေး

နေပြည်တော် ဇန်နဝါရီ ၁၇

စည်ပင်သာယာရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက အသေးစားငွေကြေး ဝန်ဆောင်မှုအဖွဲ့ ဖွဲ့စည်းလျက် ဆင်းရဲနွမ်းပါးသူ ပျံ့ကျဈေးသည်များ၊ အနေးယာဉ် ဆိုက်ကားသမားများ၊ လမ်းဘေးဈေးသည်များအား ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြိတ်မြို့နယ်အတွင်းရှိ အနေးယာဉ်ဆိုက်ကားသမား ၃၁ ဦးအတွက် ချေးငွေကျပ် ၃၁ သိန်း၊ ထားဝယ်မြို့နယ်အတွင်းရှိ အနေးယာဉ်ဆိုက်ကားသမား ၁၂ ဦးအတွက် ချေးငွေကျပ် ၁၂ သိန်း၊ လမ်းဘေးဈေးသည် ၁၂၀ အတွက် ချေးငွေကျပ်သိန်း ၁၂၀၊ ပုလောမြို့အတွင်းရှိ အနေးယာဉ်ဆိုက်ကားသမား ၃၁ ဦးအတွက် ချေးငွေကျပ် ၃၁ သိန်း၊ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ အနေးယာဉ်ဆိုက်ကားသမား ၅၀ အတွက် ချေးငွေကျပ်သိန်း ၅၀ နှင့် တနင်္သာရီမြို့နယ်အတွင်းရှိ အနေးယာဉ်ဆိုက်ကားသမား ရှစ်ဦးအတွက် ချေးငွေကျပ် ရှစ်သိန်းတို့ကို သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများနှင့် အသေးစားငွေကြေးဝန်ဆောင်မှုအဖွဲ့တို့က အနေးယာဉ်ဆိုက်ကားသမား ၁၃၂ ဦးနှင့် လမ်းဘေးဈေးသည် ၁၂၀ စုစုပေါင်း ၂၅၂ ဦးတို့အတွက် ချေးငွေကျပ် ၂၅၂ သိန်းကို ချေးငွေထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

❐ ရွှေဖုံးမှ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်အထက်လွှတ်တော်အမတ် Mr. Addison Mitchell Mc Connell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ *(သတင်း-ရွှေဖုံး)*

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား အမေရိကန်အထက်လွှတ်တော်အမတ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၇

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး လှမင်းအား အမေရိကန်အထက်လွှတ်တော်အမတ် Mr. Addison Mitchell Mc Connell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်သော်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား အမေရိကန်အထက်လွှတ်တော်အမတ် Mr. Addison Mitchell Mc Connell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးဦး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း Mr. Shinzou ABE၊ Mr. Toshiaki ENDO နှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီးတို့ ဟံသာ်တမြို့နယ် ပျဉ်းမချောင်း အမှတ်(၆)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ဟံသာ်တမြို့နယ်၌ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၇

ဟံသာ်တမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးဦးနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း Mr. Shinzou ABE ဦးဆောင်သော လွှတ်တော်အမတ်များ ပူးပေါင်း၍ အာရှဒေသကလေးများအတွက် ဆောက်လုပ်လှူဒါန်းသည့် ဧရာဝတီတိုင်းဒေသကြီး ဟံသာ်တမြို့နယ် ပျဉ်းမချောင်း အမှတ်(၆)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်းတွင် အဆိုပါ ကျောင်းဆောင်ရှေ့၌ကျင်းပရာ ဟံသာ်တမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးဦး၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်၊ Mr. Shinzou ABE နှင့် ဂျပန်နိုင်ငံလွှတ်တော် အမတ်များဖြစ်ကြသော Mr. Toshiaki ENDO၊ Mr. Yasuhisa SHIOZAKI၊ ဂျပန်နိုင်ငံ လွှတ်တော်အမတ်ဟောင်းများ ဖြစ်ကြသော Mr. Ikuzo SAKURAI နှင့် Mr. Yoshitsugu HARADA၊ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဌာန ဝန်ကြီး ဦးစန်းမောင်၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာနဝန်ကြီး ဦးစိုးမြင့်၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးငွေးဦး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ Mr. Shinzou ABE၊ Mr. Toshiaki ENDOနှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ဦးငွေးဦးနှင့် Mr. Shinzou ABE တို့က ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ကြသည်။

ဆက်လက်၍ ဦးငွေးဦးက မြို့နယ်အတွင်း ပညာရည်မြင့်မားရေးနှင့် ပတ်သက်သည့် ဆောင်ရွက်ပေးနေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် Mr. Shinzou ABE က နှုတ်ခွန်းဆက်အမှာစကားပြောကြားကာ ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများအား မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်အုန်းနွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးဦးက ဟံသာ်တမြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်း ၃၁၅ ကျောင်းအနက် ပညာရေးငွေပဒေသာပင်စိုက်ထူလှူဒါန်းရန် ကျန်ရှိသောကျောင်း ၃၃ ကျောင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး ဦးငွေးဦး၊ Mr. Shinzou ABE နှင့် ဧည့်သည်တော်များသည် ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းလေယာဉ်ခရီးစဉ်သစ် ပျံသန်းပြေးဆွဲမည်

ရန်ကုန် ဇန်နဝါရီ ၁၇

ယခုနှစ်ခရီးသွားရာသီတွင် နိုင်ငံခြားသားခရီးသွားများ များပြားလာသည့်အပြင် ပြည်တွင်းလေယာဉ်စီး ခရီးသည်များပါ များပြားလာသည့်အတွက် ခရီးစဉ်များ တိုးချဲ့ရန် လိုအပ်လာသဖြင့် မြန်မာ့လေကြောင်းနှင့် ဆန်းဖား (SUN FAR) ခရီးသွားလုပ်ငန်းတို့၏ အစီအစဉ်ဖြင့် ဇန်နဝါရီ ၁၉ ရက်မှစ၍ ပြည်တွင်းလေယာဉ်ခရီးစဉ်သစ်များကို စတင်ပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်။

ခရီးစဉ်များအဖြစ် ရန်ကုန်မှ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းမြို့များသို့ တနင်္လာ၊ ကြာသပတေးနှင့် စနေနေ့များတွင် လည်းကောင်း၊ မန္တလေးမှ ဟဲဟိုး၊ လားရှိုး၊ ကျိုင်းတုံနှင့် တာချီလိတ်မြို့များသို့ နေ့စဉ်ပျံသန်းပြေးဆွဲသွားမည်ဖြစ်ပြီး ရန်ကုန်နှင့် မန္တလေးခရီးစဉ်ကို တစ်ရက်ခြားစီ ပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်။

ပြည်တွင်းလေယာဉ် ခရီးစဉ်သစ်၏ ထူးခြားချက်မှာ ဝန်ဆောင်မှုအဆင့်မြှင့်တင်ထားခြင်း၊ လေယာဉ်လက်မှတ်များကို လွတ်လပ်စွာ ကြိုတင်ဝယ်ယူနိုင်ခြင်း၊ နိုင်ငံတကာ လေကြောင်းလိုင်းများနည်းတူ လေယာဉ်ပေါ်တွင် အစားအစာများကို စီစဉ်ပေးထားခြင်းတို့အပြင် အထူးဝန်ဆောင်မှုအနေဖြင့် တာချီလိတ်မြို့သို့ ကြာသပတေး၊ သောကြာနေ့များတွင်သာ ခရီးသွားလိုသူ ခရီးသည်များအတွက် ကျိုင်းတုံမြို့အထိ လေယာဉ်ဖြင့် ပို့ဆောင်ပေးပြီး ကျိုင်းတုံမှ တာချီလိတ်သို့ အဲယားကွန်းဘတ်(စ်)များ အခမဲ့ပို့ဆောင်ပေးမည်ဖြစ်သည်။ အထူး Charter ခရီးစဉ်များဖြစ်သည့်အတွက် လေယာဉ်ထွက်ခွာချိန်နှင့် ဆိုက်ရောက်ချိန်လည်း တိကျမည်ဖြစ်ကြောင်းနှင့် အဆိုပါခရီးစဉ်များအတွက် လေယာဉ်လက်မှတ်များကို ရန်ကုန်မြို့ရှိ ဆန်းဖားခရီးသွားလုပ်ငန်းရုံးချုပ်နှင့် နယ်မြို့များရှိ ရုံးခွဲတို့တွင် လွတ်လပ်စွာ ကြိုတင်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (ရီရီမြင့်-သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်အထက်လွှတ်တော်အမတ် Mr. Addison Mitchell Mc Connell ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်အထက်လွှတ်တော်အမတ် Mr. Addison Mitchell Mc Connell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာ-အမေရိကန်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်လပ်၍တရားမျှတသော ကြားဖြတ်ရွေးကောက်ပွဲ မကြာမီကျင်းပသွားမည့်အခြေအနေ၊ လွှတ်တော်အနေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဥပဒေကြမ်းများရေးဆွဲနေမှု၊ နိုင်ငံတော်၏ရှေ့ဆက်သွားမည့် နိုင်ငံရေးမူဝါဒလမ်းစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ပြောကြားသည်။

အမေရိကန်အထက်လွှတ်တော်အမတ်ကလည်း မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ကြိုဆိုကြောင်းနှင့် အသိအမှတ်ပြုပါကြောင်း၊ လွှတ်တော်က ဖော်ဆောင်နေသည့်လုပ်ငန်းများကိုလည်း ထောက်ခံပါကြောင်း၊ မြန်မာ-အမေရိကန် လွှတ်တော်နှစ်ရပ် အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ နိုင်ငံတော်သမ္မတ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ အစိုးရအဖွဲ့တို့၏ သဘောထားကြီးမားသည့် လုပ်ဆောင်ချက်များကိုလည်း တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းစဉ်အား မိမိတို့ယုံကြည်ပါကြောင်းဖြင့် ရင်းနှီးခင်မင်စွာ ပြန်လည်ပြောကြားသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန် အထက်လွှတ်တော်အမတ် Mr. Addison Mitchell Mc Connell အား နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေး ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် RCSS / SSA ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးစိုင်းဘောင်ခေးတို့ ပဏာမဆောင်ရွက်ရန် သဘောတူညီချက် (၁၁)ချက်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြစဉ်။
(သတင်းစဉ်)

ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် RCSS/SSA ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ ငြိမ်းချမ်းရေး တည်ဆောက်ရန်အတွက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် RCSS / SSA ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့ နယ်မြေပိုင်းခြားသတ်မှတ်ရေး၊ စီးပွားရေးနှင့် ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရေးကိစ္စနှင့် ပတ်သက်၍ ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး တောင်ကြီးမြို့၌ ကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး အောင်သူ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်မှူးကြီးကျော်စိုးဝင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီး ဇော်မင်းအေး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းမြင့်နှင့် RCSS / SSA ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ဦးစိုင်းဘောင်ခေး ဦးဆောင်သည့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက စီးပွားရေးကဏ္ဍအခြေအနေကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက အခြေပြုနေထိုင်ရန် နယ်မြေပိုင်းခြားသတ်မှတ်ရေးနှင့် ဆက်ဆံရေးရုံးများဖွင့်လှစ်မည့် အခြေအနေကို လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ RCSS / SSA ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ဦးစိုင်းဘောင်ခေးက အခြေပြုနေထိုင်ရန် နယ်မြေပိုင်းခြားသတ်မှတ်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ဆွေးနွေးတင်ပြချက်များအပေါ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် RCSS/SSA ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည် ပဏာမဆောင်ရွက်ရန် သဘောတူညီချက်(၁၁)ချက်ကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် RCSS / SSA ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးစိုင်းဘောင်ခေးတို့သည် သဘောတူညီချက်စာချုပ်ကို အပြန်အလှန်လဲလှယ်ကြပြီး အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

Zaykabar Myanmar Open 2012 နိုင်ငံတကာဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ၅ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club ၌ ကျင်းပမည့် Zaykabar Myanmar Open 2012 နိုင်ငံတကာဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးအတွက် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါဂေါက်ကလပ်၌ ကျင်းပသည်။

အဆိုပါ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ တွဲဖက်အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ အမှုဆောင် ဦးချမ်းဟန်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က နိုင်ငံတကာဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်သည့်အလျောက် အောင်အောင်မြင်မြင် ကျင်းပသွားနိုင်ရေးအတွက် အစည်းအဝေးသို့ တက်ရောက်လာကြသော သက်ဆိုင်ရာဌာန ကိုယ်စားလှယ်များက လုပ်ငန်းကဏ္ဍများအလိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်တို့က ပြိုင်ပွဲနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးက ပြိုင်ပွဲတွင် လိုအပ်ချက်များကို တင်ပြကာ အစည်းအဝေးသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ ကိုယ်စားလှယ်များက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ပြိုင်ပွဲ၌ နိုင်ငံပေါင်း ၂၀ မှ ဂေါက်သီးရိုက်အားကစားသမား တစ်ရာကျော်ပါဝင် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် မြိတ်မြို့ ဒေသဖွံ့ဖြိုးရေး စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၇

တနင်္သာရီတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကိုသည် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ ကန်ကြီးကုန်း ရေပုန်းရပ်ကွက် အိမ်ရာဖော်ထုတ်ရေးစီမံကိန်းလုပ်ငန်းကို လည်းကောင်း၊ ကျော်ချမ်းသာရေခဲစက်ကို လည်းကောင်း၊ မြိတ်တောင်ရပ်ကွက် မြို့သစ်တံတားပြုပြင်နေမှုကို လည်းကောင်း၊ မြို့သစ် (၇)ရပ်ကွက်ရှိ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံကို လည်းကောင်း၊ ဘုရားကိုင်လမ်း တိုးချဲ့ပြုပြင်နေမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသားအားကစား ကော်မတီ တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် Zaykabar Myanmar Open 2012 နိုင်ငံတကာဖိတ်ခေါ် ဂေါက်သီး ရိုက်ပြိုင်ပွဲ ကျင်းပရေးအတွက် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်မှုမြင့်မားရေး အီတလီက ယူရိုလေးသိန်းထောက်ပံ့မည်

သရေခေတ္တရာနှင့် ပုဂံ၌ ယူနက်စကိုပူးပေါင်းပါဝင်မှုနှင့်အတူ နိုင်ငံတကာပညာရှင်အဖွဲ့က ကာကွယ်ထိန်းသိမ်းမှုဆောင်ရွက်မည်

အဆိုပါ လုပ်ငန်းစီမံချက်သည်ဆယ်စုနှစ်အတွင်း ယူနက်စကို၏ မြန်မာ့ယဉ်ကျေးမှုကဏ္ဍအတွက် ပထမဆုံးစီမံချက်ဖြစ်

လာရောက်တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား မြန်မာနိုင်ငံဆိုင်ရာ အီတလီသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Paolo Andera Bartorelli လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၇

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား မြန်မာနိုင်ငံဆိုင်ရာ အီတလီသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Paolo Andera Bartorelli သည် ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အီတလီ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် သတင်းမီဒီယာလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများနှင့် သတင်းအချက်အလက်နှင့် နည်းပညာများဖလှယ်ရေးစသည့် ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ယူနက်စကိုအဖွဲ့သည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအခန်းကဏ္ဍ၌ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်မှုအတွက် လုပ်ငန်းစွမ်းရည်မြင့်မားတိုးတက်စေရန် ရည်ရွယ်သည့်လုပ်ငန်းစီမံချက်ကို ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါလုပ်ငန်းစီမံချက်အတွက် အီတလီအစိုးရက ဥရောပသုံး ငွေကြေး(ယူရို ၄၀၀၀၀၀) ထောက်ပံ့မည်ဖြစ်သည်။ **မြန်မာနိုင်ငံ၏ အရေးပါထင်ရှားသည့် ယဉ်ကျေးမှုအမွေအနှစ်နေရာဒေသများဖြစ်သော ရှေးပျူတို့အခြေချနေထိုင်ခဲ့သည့် သရေခေတ္တရာပျူမြို့ဟောင်းနှင့် ကမ္ဘာပေါ်တွင် သမိုင်းတန်ဖိုးနှင့် အနုပညာလက်ရာတန်ဖိုး ကြီးကျယ်ခမ်းနားသော ဗုဒ္ဓသာသနိက အဆောက်အအုံများတည်ရှိရာ ပုဂံဒေသတို့၌ ယူနက်စကိုအဖွဲ့၏ ပူးပေါင်းပါဝင်မှုနှင့်အတူ နိုင်ငံတကာကျွမ်းကျင်ပညာရှင်အဖွဲ့က ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်သည်။ လုပ်ငန်းစီမံချက်၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုအမွေအနှစ်နေရာဒေသများ ကာကွယ်ထိန်းသိမ်းမှုနှင့်အတူ စီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ အသိအမြင် ပိုမိုတိုးတက်ရေးပင်ဖြစ်**သည်။

၎င်းလုပ်ငန်းစီမံချက်ကို မြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၏ ပူးပေါင်းပါဝင်လက်ခံဆောင်ရွက်မှုဖြင့် ၁၂ လကြာဆောင်ရွက်သွားမည် ဖြစ်သည်။

ကြွယ်ဝလှသော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအား နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကာကွယ်ထိန်းသိမ်းခြင်းသည် လုပ်ငန်းပမာဏကြီးမားသည်နှင့်အညီ သတိကြီးစွာဖြင့် စေ့စပ်သေချာစွာ ဆောင်ရွက်ရမည့်လုပ်ငန်းတစ်ခု ဖြစ်ကြောင်း၊ သို့သော် အနာဂတ်အတွက် အမှန်တကယ်ဆောင်ရွက်ရမည့် အရေးပါသော လုပ်ငန်းတစ်ခုလည်း ဖြစ်ကြောင်း၊ ယခုလုပ်ငန်းစီမံချက်သည် အရေးပါသည့် ကြီးမားသော ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်းဖြင့် ယူနက်စကိုအဖွဲ့၏ ယဉ်ကျေးမှုဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဖရန်စစ်ကို ဘန်ဒါရင်း (Mr. Francesco Bandarin) က အကြံပြုပြောကြားခဲ့သည်။

အီတလီအစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်မည့် အဆိုပါ လုပ်ငန်းစီမံချက်သည် ဆယ်စုနှစ်အတွင်း ယူနက်စကိုအဖွဲ့၏ မြန်မာ့ယဉ်ကျေးမှုကဏ္ဍအတွက် ပထမဆုံးစီမံချက်ဖြစ်သည်။ ကမ္ဘာ့အမွေအနှစ် ကွန်ဗင်းရှင်း၏မူဘောင်တို့နှင့်အညီ ဤလုပ်ငန်းစီမံချက်ကို ဦးစားပေး နယ်ပယ်(၃)ရပ် ဖြစ်သည့် ယဉ်ကျေးမှုအမွေအနှစ်နေရာဒေသများ ကာကွယ်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက် နည်းပညာအခြေပြုစနစ်ဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်း တည်ဆောက်ခြင်းနှင့် ကမ္ဘာ့အမွေအနှစ် စာရင်းအမည်တင်သွင်းခြင်း လုပ်ငန်းစဉ်တို့၌ ပံ့ပိုးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား PACT အဖွဲ့အစည်းမှ အမှုဆောင်အရာရှိချုပ် Mr. Mark Anthony Viso နှင့် PACT(Myanmar)ဌာနေကိုယ်စားလှယ် Mr. Thomas E. Hensieigh တို့ ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုနှင့် လျော့ပါးစေရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၇

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား PACT အဖွဲ့အစည်းမှ အမှုဆောင်အရာရှိချုပ် Mr. Mark Anthony Viso နှင့် PACT (Myanmar) ဌာနေကိုယ်စားလှယ် Mr. Thomas E. Hensieigh တို့ ဦးဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး မေခလာအစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်ရည်ရှိသော ရပ်ရွာလူထုပေါ်ပေါက်လာစေရန် ဆောင်ရွက်မှုများကိုလည်းကောင်း၊ ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ နားလည်မှုစာချွန်လွှာရေးထိုးဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ဒဏ်ခံစားရနိုင်ခြေများသည့် မြစ်ဝကျွန်းပေါ်ဒေသများအတွက် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုနှင့် လျော့ပါးစေရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ပေးနိုင်မည့် ကဏ္ဍများကိုလည်းကောင်း ဆွေးနွေးကြသည်။ ထို့အပြင် PACT (Myanmar) အဖွဲ့အစည်းက မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ၏ စားနပ်ရိက္ခာဖူလုံမှု၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို နှစ်ဦးနှစ်ဖက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စီမံကိန်းရေးဆွဲရေးမိသားစု သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

စီမံကိန်းရေးဆွဲရေး မိသားစုများ၏ သက်ကြီးပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဇန်နဝါရီ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရွှေရှမ်းကန်စားသောက်ဆိုင် အင်းလျားလမ်း တက္ကသိုလ်များ လှေလှော်အသင်း (ရန်ကုန်)၌ ကျင်းပမည်ဖြစ်ရာ အသက် (၇၅) နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ ကန်တော့ခံမည့်သူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ဦးရွှေလမင်း ဖုန်း-၅၇၁၅၂၇၊ ၀၉-၅၀၈၃၁၇၃၊ ဦးစိုးတင့်အောင် ဖုန်း-၀၉-၅၀၁၁၅၅၁၊ ဦးမြင့်သောင်း ဖုန်း-၇၀၃၆၆၅၊ ၀၉-၄၃၀၉၁၅၀၇၊ ဦးညွှန့်ဆွေ (နေပြည်တော်) ဖုန်း-၀၆၇-၄၀၇၂၆၀နှင့် ဦးအောင်သိန်း ဖုန်း-၀၁-၅၄၀၃၁၇၊ ၅၇၂၀၁၈တို့သို့ ဆက်သွယ်လျှုဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အောက်ပိုင်းဒေသများ ညအပူချိန် အနည်းငယ်လျော့နည်းမည်

နေပြည်တော် ဇန်နဝါရီ ၁၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** နမ့်စန်မြို့တွင် သုည ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်ဆက်လက်လျော့နည်းနေမည်။

◆ **ကျောဖုံးမှ**

အလှမ်းကွာဝေးပြီး အုပ်ချုပ်ရေးယန္တရား လက်လှမ်းမမီပါက လစ်ဟာမှုများရှိလာနိုင်သဖြင့် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ ဒေသအုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ခွဲများကို ဖွဲ့စည်းခြင်းဖြစ်ပါကြောင်း။

ထို့ပြင် မြို့နယ်ခွဲများကို အခြေပြု၍ ပတ်ဝန်းကျင်ဒေသများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် နယ်မြေကိုတိုးချဲ့ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ကျောင်းသုံးဗလာစာအုပ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ဆိုလာမီးအိမ်များ၊ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက DTH Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်၊ မက်စ်မြန်မာကုမ္ပဏီဥက္ကဋ္ဌက ဆေးရုံဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖတိုင်းရင်းသားများက လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မိုပိုင်းလွတ်မြို့နယ်ခွဲမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ဟူမွလင်းမြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူပြည်သူများက ဟူမွလင်းလေဆိပ်၌ ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဟူမွလင်းမြို့ မြို့နယ်အားကစားခန်းမ၌ ကျင်းပသော မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဟူမွလင်းမြို့နယ် အုပ်ချုပ်ရေးမှူးက မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များ၊ အုပ်ချုပ်စီမံကိစ္စရပ်များ၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ဒေသ၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဟူမွလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဆွေနှင့် မြို့မိမြို့ဖ ဦးမြသန်းထွန်းတို့က ဒေသ၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ဒေသ၏ လူတစ်ဦးချင်းဝင်ငွေ တိုးတက်လာရေးဆောင်ရွက်မှု၊ မြေပဲ ပန်းတိုင်အထွက်နှုန်းရရှိမှု၊ ဒေသတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆက်သွယ်ရေးစနစ် ကောင်းမွန်လာရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်နေမှုနှင့် ဒေသလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ဟူမွလင်းမြို့ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဟူမွလင်းမြို့နယ်၏ ရာသီဥတုမှာ မျှတမှုရှိပြီး မြေဆီလွှာကောင်းမွန်သဖြင့် သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်း အောင်မြင်နိုင်မှု၊ မျိုးကောင်းမျိုးသန့်များ ပံ့ပိုးပေးမည့်အခြေအနေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ယခုထက် ပိုပိုပြင်ပြင်တိုးချဲ့စိုက်ပျိုးနိုင်သည်နှင့်အမျှ ဒေသစီးပွားဖြစ်ထွန်းနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဝန်ကြီးဌာန၏ ရည်မှန်းချက် တာဝန်များ၊ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို ပြည်သူများအားလုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများအားလုံး ပါဝင်ဆောင်ရွက်ရန် လိုအပ်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ဟူမွလင်းမြို့နယ်မှာ လူဦးရေအချိုးအစားနှင့်ကြည့်ပါက လုံလောက်မှုတမှုရှိကြောင်း၊ ဒေသ၏ ဝမ်းစာအနေဖြင့် ဖူလုံမှုရှိသော်လည်း အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းတိုးရေးကို ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

ဟူမွလင်းဒေသမှာ မြေသယံဇာတများစွာရှိနေသည့်အပြင် ရာသီဥတုမှာလည်း ရော်ဘာဖြစ်ထွန်းနိုင်သဖြင့် ရော်ဘာကို စီးပွားဖြစ် စိုက်ပျိုးသွားရန် တိုက်တွန်းပါကြောင်း၊ ရော်ဘာမှာ ယနေ့ဈေးကွက်ရှိသည့် စက်မှုကုန်ကြမ်းသီးနှံတစ်မျိုးဖြစ်ကြောင်း၊ ထို့ပြင်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကမ်းနီးကမ်းဝေးရေလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၇

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် နာယကများနှင့် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှ ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များနှင့် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ တွေ့ဆုံသည်။

ရှေးဦးစွာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး၊ သမဝါယမ ပို့ကုန်/သွင်းကုန်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးဦးတင်သိန်း၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နာယက ဦးစိုးဝင်း၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးလှမောင်ရွှေ၊ ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကျားမောင်၊ ဖျာပုံခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသံချောင်းတို့က ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

သမဝါယမ ဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ အဓိကစီးပွားရေးလုပ်ငန်းများမှာ လယ်ယာ၊ သားငါး၊ သစ်တော၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုကဏ္ဍများဖြစ်ကြောင်း၊ သစ်တောနှင့် သတ္တုတွင်းထွက်များသည် ထုတ်လုပ်နိုင်မှု အကန့်အသတ်ရှိပြီး သားငါးကဏ္ဍမှာ Renewable Resources အဖြစ် ဖန်တီးလုပ်ဆောင်နိုင်သည့်အတွက် အားသာချက် ပိုကောင်းသည့်နယ်ပယ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းသည် မြောက်ဘက် ရခိုင်ပြည်နယ် မောင်တောနတ်မြစ်ဝမှ တောင်ဘက် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ဘုရင့်နောင်အငူအထိ ၂၈၃၂ ကီလိုမီတာ ရှည်လျားရာ ကမ်းဦးရေတိမ်ပိုင်း ဧရိယာ ၂၂၈၀၀၀ စတုရန်းကီလိုမီတာ၊ ပိုင်နက်ပင်လယ်နှင့် သီးသန့်စီးပွားရေးဇုန် (Exclusive Economic Zone) ဧရိယာ ၄၈၆၀၀၀ စတုရန်းကီလိုမီတာ ကျယ်ပြန့်ကြောင်း၊ ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်တို့နှင့် ဆက်စပ်တည်ရှိပြီး မြစ်ကြီးများနှင့် မြစ်ငယ်များ၊ ချောင်းမြောင်းများ၊ ကွန်ရက်သဖွယ် တည်ရှိနေခြင်းတို့ကြောင့် ရေချိုရေငန်၊ ငါး၊ ပုစွန်၊ ကဏန်းနှင့် ရေထွက်သယံဇာတများသဘာဝအတိုင်း ပေါကြွယ်ဝနေသည်ကို တွေ့ရှိရကြောင်း။

မြန်မာ့ပင်လယ်ပြင်ရှိ ငါးသယံဇာတများကို အမှီပြုပြီး တစ်ဖက်နိုင်ငံတွင် ငါးဈေးကွက်များ ဖြစ်ထွန်း၍ အကျိုးရှိနေကြောင်း၊ မိမိနိုင်ငံသားများအနေဖြင့် ၎င်းလုပ်ငန်းများမှာ အလုပ်သမားများအဖြစ် အသက်မွေးဝမ်းကျောင်းပြီး လုပ်ကိုင်နေရသည့်အတွက် မိမိနိုင်ငံအတွင်း ငါးဈေးကွက်ဖြစ်ထွန်းရေး၊ နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုကောင်းမွန်ရေး၊ အအေးခန်းနှင့် ကုန်ချောပြုပြင်မွမ်းမံစက်ရုံများ အပြည့်အဝ လည်ပတ်နိုင်ပြီး တန်ဖိုးမြင့် ထုတ်ကုန်များ ပိုမိုထုတ်လုပ်တင်ပို့နိုင်ရေး၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများ ရရှိရေး၊ ရေလုပ်ငန်းနယ်ပယ်တွင် ပါဝင်လုပ်ကိုင်ကြသူများအားလုံး အကျိုးရှိစေရေးအတွက် မြန်မာ့ကမ်းရိုးတန်းတွင် တည်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူများ၊ အစုအဖွဲ့ကဏ္ဍအသီးသီးမှ အသင်းချုပ်ရေလုပ်ငန်းရှင်များနှင့် ယခုကဲ့သို့တွေ့ဆုံဆွေးနွေးညှိနှိုင်းရခြင်းဖြစ်ကြောင်း။

ရေအောက်တရွတ်ဆွဲငါးဖမ်းရေယာဉ်များ၏ တစ်နာရီအထိအမိဖမ်းဆီးနိုင်မှုပမာဏသည် ၁၉၆၀ ခုနှစ်ဝန်းကျင်က ကီလို ၃၀၀ ဖမ်းဆီးနိုင်ခဲ့သော်လည်း လက်ရှိအချိန်တွင် ကီလို ၉၀ သာ ဖမ်းဆီးနိုင်သည့်အတွက် ငါးဖမ်းဆီးရရှိမှုနှုန်းများ နှစ်အလိုက် တဖြည်းဖြည်းကျဆင်းလာခြင်းကိုလည်း သုတေသနရလဒ်များအရ သိရှိရကြောင်း၊ ကမ်းဦးရေတိမ်ပိုင်းတွင် နေ့စဉ်တစ်ပိုင်တစ်နိုင် ဖမ်းဆီးလုပ်ကိုင်ကြသော ကျေးလက်နေ တံငါသည်များ၏ လူမှုစီးပွားဘဝ မထိခိုက်စေရေးအတွက် တရွတ်ဆွဲငါးဖမ်းရေယာဉ်များ ဝင်ရောက်၍ မဖမ်းဆီးရန်လိုအပ်ကြောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ဖြေလျှော့သင့်သည်များကို ဖြေလျှော့ပေးပြီးဖြစ်သည့်အတွက် ကမ်းဝေးငါးဖမ်းရေယာဉ်များအနေဖြင့် သတ်မှတ်ထားသည့် ဥပဒေစည်းကမ်းအတိုင်း ဖမ်းဆီးရန်လိုအပ်ကြောင်း၊ စည်းကမ်းဖောက်ဖျက်သည့် ကမ်းဝေးငါးဖမ်းရေယာဉ်များအား ထုတ်ပြန်ထားသည့် ဥပဒေအတိုင်း ထိရောက်စွာ အရေးယူခြင်းများကို စတင်၍ ဆောင်ရွက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း။

မြန်မာ့ပင်လယ်ငါးဖမ်းလုပ်ငန်းများကို စနစ်တကျ လုပ်ကိုင်နိုင်ရန်အတွက် မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနအနေဖြင့် တစ်ကွက်လျှင် စတုရန်းမိုင် ၉၀၀ ရှိသော ငါးဖမ်းကွက်များကို တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် စုစုပေါင်း ငါးဖမ်းကွက် ၁၄၀ သတ်မှတ်ပြီး ပြည်တွင်းတိုင်းရင်းသား ကမ်းဝေးငါးဖမ်းရေယာဉ်များကို နယ်စည်းမခြားဘဲ ဖမ်းဆီးနိုင်ရေး ငါးဖမ်းခွင့်ပြုပေးလျက်ရှိကြောင်း။

ရေလုပ်ငန်းနယ်ပယ်၏ Supply Chain Mechanism တွင် ပါသောလုပ်ငန်းအဆင့်ဆင့်၊ ထုတ်လုပ်သည်မှ တင်ပို့သည်အထိ ပါဝင်ကြသူအားလုံးသည် ထုတ်လုပ်မှုပမာဏနှင့် အရည်အသွေး မြင့်တင်မှုအပိုင်းများတွင် စွမ်းဆောင်ရည်မြင့်မားအောင် ကြိုးစားဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ရေထွက်ပစ္စည်း ဈေးကွက်ဖွံ့ဖြိုးလာရေးအတွက် မိမိတို့တစ်ဦးချင်းစွမ်းအင်များကို ညီညွတ်သည့် အင်အားစုစွမ်းအင်အဖြစ် ပြောင်းလဲရန် စုပေါင်းဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် သမဝါယမပို့ကုန်/သွင်းကုန်လုပ်ငန်း အစည်းအဝေးခန်းမ၌ သမဝါယမ ပို့ကုန်/သွင်းကုန်လုပ်ငန်းမှ တာဝန်ရှိသူများ၊ ပို့ကုန်/သွင်းကုန် လုပ်ကိုင်နေသော ကုမ္ပဏီလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပို့ကုန်/သွင်းကုန် လုပ်ငန်းများ လျင်မြန်သွက်လက်စေရေးအတွက် ဆက်စပ်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှူးနှင့် မြို့နယ် ၄၄ မြို့နယ်မှ ဦးစီးအရာရှိများအား တိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်သွားကြရန်၊ စေတနာထား၍ ဆောင်ရွက်သွားကြရန်၊ စားသုံးသူ သမဝါယမအသင်းဆိုင်များအား နိုင်ငံတကာအဆင့်မီ Conco အသင်းဆိုင်များအဖြစ် အမြန်ဆုံး ဖွင့်လှစ်ရောင်းချနိုင်ရေး လုပ်ငန်းရှင်ကြီးများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✳ စာမျက်နှာ ၆ မှ

ရော်ဘာကုန်ထုတ်စက်ရုံများ တည်ထောင်နိုင်သည့်အဆင့် ရောက်ရှိပါက အလုပ်အကိုင် အခွင့်အလမ်းများလည်း ပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

ဤဒေသတွင် သစ်ထုတ်လုပ်ငန်းနှင့် ရွှေလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ မြစ်ကြောင်းများတိမ်ကောမှု၊ ပျက်စီးမှု မရှိအောင်၊ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုမရှိစေရန် အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ပေးရန် မှာကြားလိုပါကြောင်း။

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ ကျောင်းများကို တိုးချဲ့ဆောင်ရွက်ရာတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ အဝန်းအဝိုင်းတစ်ခုအဖြစ် ဝန်းရံဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ကျန်းမာရေးကဏ္ဍတွင်လည်း ကျေးလက်ကျန်းမာရေးဌာန၊ တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံစသည့် စုဖွဲ့မှုကိုလည်း တစ်ခုနှင့်တစ်ခု ချိတ်ဆက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်အောင် စီစဉ်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း။

ဟုမ္မလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့မိမြို့ဖများ တင်ပြသည့် ဟုမ္မလင်း-နောင်ပိုအောင်-နမ့်တောလမ်း ဖောက်လုပ်ရေးအတွက် ရန်ပုံငွေရရှိရေး၊ မီးသတ်ယာဉ်တစ်စီးရရှိရေး၊ နေ့ကလေးထိန်းကျောင်းရရှိရေးတင်ပြချက်များကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပဏာမပြောကြားသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာပြီးနောက် ပြည်သူများက ရွေးကောက်တင်မြှောက်ခဲ့သည့် ကိုယ်စားလှယ်များက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာသုံးရပ်ကို ခွဲဝေဆောင်ရွက်နေမှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လက်နက်ကိုင်ဆန့်ကျင်မှုများ ထာဝရချုပ်ငြိမ်းပပျောက်ရေးအတွက် ဆောင်ရွက်နေမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်နေမှု၊ ကျောင်းနေအရွယ်ကလေးသူငယ်များအားလုံး ကျောင်းနေနိုင်ရေး၊ ကျောင်းနေမြဲရေးနှင့် စဉ်ဆက်မပြတ် ပညာသင်ကြားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတကာအဆင့် ဖြစ်ထွန်းလာစေရေးအတွက် လိုအပ်သော ပြုပြင်မှု၊ ပံ့ပိုးပေးနေမှု အခြေအနေများနှင့် နိုင်ငံတော်၏ တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌက DTH Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်တို့ကို ဟုမ္မလင်းမြို့နယ်အတွက် ပေးအပ်လှူဒါန်းရာ မြို့မိမြို့ဖ ဦးထွန်းရွှေက လက်ခံသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတသည် ဟုမ္မလင်းမြို့ ကမ်းနားလမ်းနှင့် မြို့ပြစည်ပင်မှုအခြေအနေကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ သူနာပြုများက ကြိုဆိုကြသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယသမ္မတသည် ဆေးရုံအတွင်း ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိကြသော လူနာများအား နှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ယင်းနောက် ဆေးရုံအုပ်ကြီး ရုံးခန်း၌ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌက ဟုမ္မလင်းမြို့ ပြည်သူ့ဆေးရုံအတွက် DTH Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်တို့ကို လည်းကောင်း၊ မက်စ်မြန်မာကုမ္ပဏီဥက္ကဋ္ဌနှင့် အိုင်ဂျီအီးကုမ္ပဏီဥက္ကဋ္ဌတို့က လုပ်ငန်းရှင်များကိုယ်စား ဟုမ္မလင်းမြို့နယ် ပြည်သူ့ဆေးရုံအတွက် ငွေကျပ်သိန်း ၅၀ နှင့် ဟုမ္မလင်းမြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံ ငါးရုံအတွက် ဆေးရုံ တစ်ရုံလျှင် ငွေကျပ်သိန်း ၂၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဟုမ္မလင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဟုမ္မလင်း လူငယ်ဘင်ခရာတီးဝိုင်းတို့က ကြိုဆိုကြသည်။

ဒုတိယသမ္မတသည် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ စာပေသင်ကြားမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ကျောင်းဆောင်များ၏ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဟုမ္မလင်းမြို့ပေါ်တွင် အခြေခံပညာအထက်တန်းကျောင်း တစ်ကျောင်းသာရှိပြီး ကျောင်းသားဦးရေများပြားသဖြင့် အထက်တန်းကျောင်း တစ်ကျောင်း ထပ်မံတည်ဆောက်နိုင်ရန်အတွက် မြေနေရာ ရွေးချယ်တင်ပြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဟုမ္မလင်းမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ ရောက်ရှိကြရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကလေးလေဆိပ်တွင် ကြိုဆိုကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်ကြသည့် မိုပိုင်းလွတ်မြို့နယ်ခွဲရှိ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ပို့ကုန်/သွင်းကုန်လိုင်စင်များ အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်ပေးနေ စားအုံးဆီ၊ ဒီဇယ်ဆီနှင့် စက်ယန္တရားများ အကန့်အသတ်မရှိ တင်သွင်းခွင့်ပြု

နေပြည်တော် ဇန်နဝါရီ ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဇန်နဝါရီ ၁၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကာဘိုးကျေးရွာ၊ ဇီးကုန်းကျေးရွာ၊ အုန်းတောကျေးရွာနှင့် ချင်မြစ်ကျင်းကျေးရွာတို့၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် ကျေးလက်နေတောင်သူလယ်သမားများ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ပဲမျိုးစုံ၊ ဆန်နှင့် ဆန်ထွက်ပစ္စည်းများကို လွတ်လပ်စွာ တင်ပို့ခွင့်ပြုထားကြောင်း၊ ကုန်သွယ်မှု ပိုမိုမြှင့်တင်နိုင်ရန်အတွက် နှမ်းညို၊ နှမ်းနီ၊ နှမ်းနက်၊ မြေပဲ၊ မြေပဲဆီတို့ကို လွတ်လပ်စွာ တင်ပို့ခွင့်ပြုထားကြောင်း၊ ပို့ကုန်/သွင်းကုန်လိုင်စင်များကိုလည်း ရန်ကုန်၌ပင် အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်ပေးနေပါကြောင်း၊ စားအုံးဆီ၊ ဒီဇယ်ဆီနှင့် စက်ယန္တရားများကိုလည်း အကန့်အသတ်မရှိ လိုသလောက် တင်သွင်းခွင့်ပြုထားကြောင်း။

လယ်ယာထွက်ကုန် ပို့ကုန်တန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူကာလထက် ဒေါ်လာ သန်း ၅၀၀ ခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ဆန်စက်၊ ဆီစက်၊ လယ်ယာသုံးစက်ကိရိယာများနှင့် ဓာတ်မြေဩဇာများကိုလည်း လွတ်လပ်စွာတင်သွင်းခွင့်ပြုထားကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘာသာရေးနှင့် လူမှုရေးကိစ္စရပ်များ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးတို့ကို သက်ဆိုင်ရာဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ထန်းကုန်း-ကာဘိုးလမ်း မြေသားအဆင့် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကန့်ဘလူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ယင်းနောက် ရွှေနဂါးမင်းကုမ္ပဏီက ကာဘိုးအထကကျောင်းခွဲအတွက် Sky Net ရုပ်သံဖမ်းစက်နှင့် ကာဘိုးကျေးရွာ ကျန်းမာရေးဌာနခွဲအတွက် ငွေကျပ် ငါးသိန်း၊ ဇီးကုန်းကျေးရွာစာကြည့်တိုက်အတွက် ငွေကျပ် ငါးသိန်းနှင့် Sky Net ရုပ်သံဖမ်းစက်တစ်စုံ၊ ဇီးကုန်းအထက အတွက် ငွေကျပ်သိန်း ၂၀၊ ကျောင်းကုန်းကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် ငွေကျပ် ငါးသိန်း၊ တင်ငုတ်ကြီးကျေးရွာ ဓမ္မာရုံဆောက်လုပ်ရန်အတွက် ငွေကျပ် ငါးသိန်း၊ ထန်းကုန်း-ကာဘိုးလမ်းသစ် ဖောက်လုပ်ရေးအတွက် ငွေကျပ်သိန်း ၃၀၊ ချင်မြစ်ကျင်းကျေးရွာ အလက ကျောင်းခွဲအတွက် ငွေကျပ်ငါးသိန်း၊ ကန့်ဘလူမြို့ အထကအတွက် ငွေကျပ် ၂၇၅ သိန်း၊ မလယ်တိုက်နယ်ကျေးလက်ဖွံ့ဖြိုးရေးအတွက် ငွေကျပ် ၃၀ သိန်း၊ ကိုးတောင်ဘို့ကျေးရွာ စာကြည့်တိုက်အတွက် Sky Net ရုပ်သံဖမ်းစက်တစ်စုံကို လည်းကောင်း၊ ဒေသခံ ဦးအောင်ခိုင်ဦး မိသားစုက ကိုးတောင်ဘို့ကျေးရွာ စာကြည့်တိုက်အတွက် ၃၂" LCD TV တစ်လုံးကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျွန်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ရွှေနဂါးမင်းကုမ္ပဏီက ကျွန်းလှမြို့နယ် ဆေးရုံအတွက် မြွေဆိပ်ဖြေဆေးအလုံး ၂၀၊ မြို့နယ်စာကြည့်တိုက်နှင့် ရွာသစ်ကျေးရွာအတွက် Sky Net ရုပ်သံဖမ်းစက် တစ်စုံစီ၊ ဝိနက္ခယ သီလရှင် စာသင်တိုက်အတွက် သွပ်အချပ် ၃၅၀၊ ပေကုန်းကျေးရွာ၊ လယ်လှကျေးရွာ၊ ကန်ပေါက်ကျေးရွာ၊ အင်းဂေါင်းကျေးရွာနှင့် အခြားကျေးရွာများဖွံ့ဖြိုးရေးအတွက် ဘိလပ်မြေအိတ် ၁၃၀၀ နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အတွက် ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကန့်ဘလူမြို့ စက်မှုလက်မှုသိပ္ပံသို့ သွားရောက်၍ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံပြီး အေးမြစိုးဖောင်ဒေးရှင်း၏ သရက်ဧက ၁၀၀၀ စိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း	၇:၃၀ ၃။ နံနက်ခင်းသတင်း	၈:၄၅ ၁၀။ တေးဂီတအစီအစဉ်	(သတ္တဗေဒအထူးပြု)(သတ္တဗေဒ)
၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်	၇:၄၀ ၄။ ဓမ္မနုဂ္ဂဟဓမ္မကဗျာ (ရွှေယမင်းဦး၊ တေးရေး-မျိုးနွယ်ဆွေ၊ စကားပြော-သိန်းလှမော်)	**ညပိုင်း**	၅:၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့	၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး	၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး	၅:၁၀ ၈။ သီချင်းကြီးပဒေသာ
	၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ	၄:၁၀ ၂။ တေးဂီတအစီအစဉ်	၅:၂၀ ၉။ "ရတနာပုံဖန်ပြွန်အလင်းမျှင် ဝါယာကြိုးစက်ရုံ"
	၈:၁၅ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက	၄:၂၀ ၃။ "အသိစိတ်ကလေးအရင်းတည်၍"	၅:၃၀ ၁၀။ ဂီတသံစဉ်အလှဆင်
	၈:၃၀ ၈။ အတီးပြိုင်ပွဲ	၄:၃၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက	၅:၄၀ ၁၁။ International Science News
	၈:၄၀ ၉။ International News	၄:၄၀ ၅။ အဆိုပြိုင်ပွဲ	၅:၅၀ ၁၂။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
		၄:၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ-ဒုတိယနှစ်	၆:၀၀ ၁၃။ ညနေခင်းသတင်း

၆:၁၅ ၁၄။ မိုးလေဝသအခြေအနေ	၂၂။ မိုးလေဝသအခြေအနေ	
၆:၂၀ ၁၅။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့	၂၃။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ	
၆:၄၀ ၁၆။ ရွှေရင်ခုန်သံ	၂၄။ နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်ဆုံး(အပိုင်း-၂၅)	
၇:၀၀ ၁၇။ တေးဂီတအစီအစဉ်	၂၅။ ရန်ကုန်တိုင်းဒေသကြီး၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အထက်တန်းအဆင့်)	
၇:၁၀ ၁၈။ ရင်သွေးငယ်များကျန်းမာဖို့ ဝက်သက်ရောဂါတိုက်ဖျက်စို့		
၇:၃၅ ၁၉။ စန္ဒရားကွန်းဇော်တေးဂီတ တင်ဆက်မှုအစီအစဉ်(အပိုင်း-၄)		
၈:၀၀ ၂၀။ ပြည်တွင်းသတင်း		
၂၁။ နိုင်ငံတကာသတင်းများ		

စစ်ကိုင်းတိုင်းဒေသကြီး လေရှီးမြို့နယ်မှ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ တက်ရောက်ကြည်ညို

နေပြည်တော် ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး လေရှီးမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၈ နာရီတွင် လေရှီးမြို့နယ် တောင်တန်းသာသနာပြု ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုဌာန၌ ကျင်းပရာ ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါအခမ်းအနားသို့ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုဌာန ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုဒဿန အမှူးပြုသော လေရှီးမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး လေရှီးမြို့နယ် တောင်တန်းသာသနာပြု ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုဌာန လက်ထောက်ဆရာတော် ဘဒ္ဒန္တ ဥတ္တမထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရစ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီးတို့က ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုဌာန ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုဒဿနထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးများက ဆရာတော်၊ သံဃာတော်များထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဒေသတွင်း သာသနာတော်ထွန်းကားပြန့်ပွားရေးနှင့် တောင်တန်းသာသနာပြု လုပ်ငန်းများအတွက် အလှူတော်ငွေများကို ယခုခရီးစဉ်အတွင်း လှူဒါန်းပေးခဲ့ပါကြောင်း ပဓာနနာယက ဆရာတော်ထံ လျှောက်ထားသည်။

ယင်းနောက် ဗဟိုဌာန လက်ထောက်ဆရာတော် ဘဒ္ဒန္တ ဥတ္တမထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လေရှီးမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲသို့ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ တက်ရောက်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

☆ကျေးလက်ဒေသမှ

ဆွမ္မရာမြို့နယ်ခွဲအဆင့် တိုးမြှင့်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားပြီးနောက် ဆွမ္မရာစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းသို့ တိုးမြှင့်ရေး၊ ဆွမ္မရာအခြေခံပညာအထက်တန်းကျောင်းကို ဝန်းရံလျက်ရှိသည့် အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းများ တိုးမြှင့်ရေးတို့ကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဒုတိယသမ္မတနှင့်အတူ လိုက်ပါလာကြသည့် လုပ်ငန်းရှင်များက ခရီးစဉ်အတွင်း အဝေးရပ်မှ လာရောက်တာဝန်ထမ်းဆောင်နေကြရသည့် ဆရာ၊ ဆရာမများ၏ နေထိုင်မှုအဆင်ပြေစေရန် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်နှင့် ဆေးရုံဆေးပဒေသာပင်တို့အတွက် အလှူငွေများ လှူဒါန်းခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတနှင့်ဇနီးနှင့်အဖွဲ့ဝင်များအား တိုင်းရင်းသား၊ တိုင်းရင်းသူများက နာဂရိုးရာစောင်များကို ဂါရဝပြုပေးအပ်ကြပြီး ကျောင်းဆောင်ရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆွမ္မရာစံပြကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး လေရှီးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဒုတိယသမ္မတသည် လေရှီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိကြသော လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကားပြောကြား

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံလေကြောင်းပို့ဆောင်ရေး ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံလေကြောင်းပို့ဆောင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၁၆ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်း ခေါင်းဆောင်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းတို့မှ ကိုယ်စားလှယ်များပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့ပြလေကြောင်းနှင့် ခရီးသွားလာရေးဝန်ကြီးဌာန အတွင်းဝန် Mr. Md. Atharul Islam ခေါင်းဆောင်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး Maj. Gen Anup Kumar Chakma၊ မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ Air Cdre. Mahmud Hussain နှင့် မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့၏ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံရုံးမှ ကိုယ်စားလှယ်များပါဝင်သည့် ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ၃ - ၈ - ၁၉၇၇ ရက်၌ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သော နှစ်နိုင်ငံလေကြောင်း သဘောတူစာချုပ်ကို မျက်မှောက်ခေတ် နိုင်ငံတကာ လေကြောင်းပို့ဆောင်ရေး ဖြစ်ပေါ်တိုးတက်မှုနှင့်အညီ ပြင်ဆင်ချုပ်ဆိုနိုင်ရေးအတွက် စာချုပ်အသစ် မူကြမ်းတစ်ရပ်ကို ညှိနှိုင်းရေးဆွဲ သဘောတူညီခဲ့ကြသည်။ ယင်းနောက် လေကြောင်းလိုင်း သတ်မှတ်ခြင်းများ၊ နှစ်နိုင်ငံကြားခရီးစဉ်နှင့် တတိယနိုင်ငံကြားခရီးစဉ် ပျံသန်းခွင့်များ၊ လေကြောင်းလိုင်းအချင်းချင်း အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ပါဝင်သည့် လေကြောင်း သဘောတူညီမှုမှတ်တမ်း(Agreed Minutes) တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံမှ သတ်မှတ်လေကြောင်းလိုင်းများအား နှစ်နိုင်ငံကြား ခရီးစဉ်များကို တစ်ပတ်ခုနစ်ကြိမ်စီ ပျံသန်းခွင့်ပြုရန်နှင့် မြန်မာနိုင်ငံမှ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းနှင့် အဲပုဂံလီမိတက်တို့ကို မြန်မာနိုင်ငံ၏ ပျံသန်းခွင့်ရှိသော သတ်မှတ်လေကြောင်းများအဖြစ် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Biman Bangladesh Airlines၊ GMG Airlines နှင့် United Airways (BG) တို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပျံသန်းခွင့်ရှိသော သတ်မှတ်လေကြောင်းများအဖြစ် လည်းကောင်း သတ်မှတ်ကြခြင်းကို သဘောတူညီခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လက်လှမ်းမီစေရေးစီမံချက် ဗဟိုအဆင့်ဆရာဖြစ်သင်တန်းဖွင့်

နေပြည်တော် ဇန်နဝါရီ ၁၇

ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် IPPF တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လက်လှမ်းမီစေရေးစီမံချက် ဗဟိုအဆင့်ဆရာဖြစ်သင်တန်း [(MYA / 11/ A4) Access: Birth Spacing and SRH Services] ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၈ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ စီမံချက်ဝင်အသင်းပိုင် သားဖွားခန်းများအတွက် သားဖွားခန်းသုံး ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝေဝေသာက မြစ်ကြီးနား၊ မိုးကောင်းနှင့် မိုးညှင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများသို့ စီမံချက်ပံ့ပိုးငွေများကို ပေးအပ်ပြီး တွဲဖက်အတွင်းရေးမှူး (၂)ဒေါက်တာ ဂျိုဂျိုစန်းက မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လက်လှမ်းမီစေရေးစီမံချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

အဆိုပါသင်တန်းသို့ ကချင်ပြည်နယ် မြစ်ကြီးနား၊ မိုးကောင်းနှင့် မိုးညှင်း မြို့နယ်တို့မှ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ကြပြီး ဇန်နဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ မွန်မွန်အောင် ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့ စီမံချက်ဝင် အသင်းပိုင် သားဖွားခန်းများအတွက် သားဖွားခန်းသုံး ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

သစ်တောကာဗွန်တိုင်းတာခြင်းနှင့် သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၇

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ KOREA FOREST SERVICE တို့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ သစ်တောကာဗွန်တိုင်းတာခြင်းနှင့် သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ ရေဆင်း(နေပြည်တော်)၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က အမှာစကား ပြောကြားရာတွင် ဤသင်တန်းကို အာဆီယံ-ကိုရီးယားသစ်တော ပူးပေါင်းဆောင်ရွက်ရေး၏ ရှေ့ပြေးစီမံကိန်းတစ်ခုအဖြစ် “မြန်မာနိုင်ငံ ပဲခူးရိုးမဒေသရှိ တောပျက်များအား ပြန်လည်ပြုစု ထိန်းသိမ်းခြင်းနှင့် REDD-Plus လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များအား လျော့ကျစေခြင်းစီမံကိန်း”၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းတစ်ရပ်အဖြစ် ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ယခုသင်တန်းအတွက် ကာဗွန်တိုင်းတာခြင်းနှင့် သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း လုပ်ငန်းများ ပိုမိုကျွမ်းကျင်စွာတတ်မြောက်စေရန်၊ REDD-Plus လုပ်ငန်းစဉ်များဆိုင်ရာ အသိအမြင်ဗဟုသုတ တိုးပွားလာစေရန်နှင့် နိုင်ငံအဆင့် REDD-Plus လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်၍ အချိန်ကိုက်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အဆိုပါသင်တန်းသို့ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအောက်ရှိ ဦးစီးအရာရှိနှင့် တောအုပ်ကြီးအဆင့် သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၂၇ ရက်အထိ ရက်သတ္တ နှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

☆ကျေးလက်ဒေသမှ

ဆွမ္မရာမြို့နယ်ခွဲအဆင့် တိုးမြှင့်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားပြီးနောက် ဆွမ္မရာစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းသို့ တိုးမြှင့်ရေး၊ ဆွမ္မရာအခြေခံပညာအထက်တန်းကျောင်းကို ဝန်းရံလျက်ရှိသည့် အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းများ တိုးမြှင့်ရေးတို့ကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဒုတိယသမ္မတနှင့်အတူ လိုက်ပါလာကြသည့် လုပ်ငန်းရှင်များက ခရီးစဉ်အတွင်း အဝေးရပ်မှ လာရောက်တာဝန်ထမ်းဆောင်နေကြရသည့် ဆရာ၊ ဆရာမများ၏ နေထိုင်မှုအဆင်ပြေစေရန် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်နှင့် ဆေးရုံဆေးပဒေသာပင်တို့အတွက် အလှူငွေများ လှူဒါန်းခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတနှင့်ဇနီးနှင့်အဖွဲ့ဝင်များအား တိုင်းရင်းသား၊ တိုင်းရင်းသူများက နာဂရိုးရာစောင်များကို ဂါရဝပြုပေးအပ်ကြပြီး ကျောင်းဆောင်ရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကာ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်းနှင့် ပြင်ပလူနာဌာနတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ် တိုးချဲ့တည်ဆောက်နိုင်ရေးအတွက် မြေနေရာကို စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် လေရှီးမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းစာကြည့်တိုက်နှင့် စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးကာ အခြေခံပညာအထက်တန်းအောင်ချက် ကောင်းမွန်ရေး၊ အခြေခံပညာရပ်များကို ထိထိရောက်ရောက် သင်ကြားရေးကိစ္စရပ်များကို ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများအားမှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လေရှီးမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိရာ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများက ကြိုဆိုကြသည်။

ဒုတိယသမ္မတက ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများအား သိရှိလိုသည်များ မေးမြန်းပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

တိုင်းရင်းသား အကြီးအကဲများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ လေရှီးမြို့နယ် အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ အုပ်ချုပ်စီမံကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းဆိုင်ရာဆောင်ရွက်မှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက လယ်ယာမြေစာရင်းဇယားများ မှန်ကန်မှုရှိအောင်ဆောင်ရွက်မှု၊ စပါးနှင့်အခြားသီးနှံများ၏ ပန်းတိုင်အထွက်နှုန်းတိုးရေး၊ နှစ်ရှည်သီးနှံပင် တိုးချဲ့စိုက်ပျိုးရေးနှင့် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်သွားမည့် အစီအမံများနှင့် လေရှီးဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လျှပ်စစ်ထစ်တောင်ယာများဖော်ထုတ်ရေး၊ စီးပွားဖြစ် လက်ဖက်၊ လိမ္မော်၊ ကော်ဖီ၊ ဟင်းခတ်အမွှေးအကြိုင် (Cadamom) စိုက်ပျိုးရေးနှင့် ရော်ဘာစမ်းသပ်စိုက်ပျိုးရေး၊

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး လေရှီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက လေရှီးမြို့နယ်၏ လယ်ယာကဏ္ဍအတွက် ဝန်ကြီးဌာနက ကူညီပံ့ပိုးပေးနိုင်မည့် အခြေအနေများ

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး လေရှီးမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆွမ္မရာစံပြကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး လေရှီးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဒုတိယသမ္မတသည် လေရှီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိကြသော လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကားပြောကြား

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လေရှီးမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမဆောင်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ ရောက်ရှိလာကြသော လဟယ်၊ နန်းယွန်း၊လေရှီးဒေသခံ နာဂ

နွားနောက်၊ ဆိတ် တိုးချဲ့မွေးမြူရေး၊ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးကိစ္စရပ် ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် နှင့် လေရှီးမြို့နယ်၏ ရေ၊ မြေ၊ သဘာဝအရင်းအမြစ်များအရ စိုက်ပျိုးရေးလုပ်ငန်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားနိုင်မည့် အလားအလာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက မိမိတို့အဖွဲ့သည် ခန္တီးခရိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဖွံ့ဖြိုးမှုများကို ဖြည့်ဆည်းပေးရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ဤဒေသတွင် အချိန်အတော်ကြာ တာဝန်ထမ်းဆောင်ခဲ့သဖြင့် နာဂဒေသနယ်မြေအနှံ့သို့ရောက်ရှိခဲ့ပြီး ဒေသခံများ၏ အခက်အခဲများကို ဒေသခံများကဲ့သို့ နားလည်သိရှိခံစားရပါကြောင်း။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ နယ်မြေအကျယ်အဝန်းနှင့် မှီတင်းနေထိုင်သည့် လူဦးရေအချိုးကို ကြည့်ပါက နေထိုင်သူလူဦးရေအချိုးက နည်းပါးနေသည်ကို တွေ့ရပါကြောင်း။

ထို့ကြောင့် နယ်စပ်ဒေသဖြစ်သည့် နာဂဒေသ၏ နယ်မြေလုံခြုံရေးနှင့် အုပ်ချုပ်ရေးကို ထိထိရောက်ရောက်၊ နီးနီးကပ်ကပ် ဆောင်ရွက်နိုင်စေရန် ဆွမ္မရာ ကျေးရွာကို မြို့နယ်ခွဲအဆင့် တိုးမြှင့်ပေးရန် စီမံဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဤကဲ့သို့ အဆင့်တိုးမြှင့်သတ်မှတ်လိုက်ပါက ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ကွပ်ကဲမှုပိုမိုကောင်းမွန်လာနိုင်မည် ဖြစ်သကဲ့သို့ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေး အခြေခံကောင်းများလည်း ပိုမိုထိရောက်စွာ ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး မြို့မိမြို့ဖများ၊ တာဝန်ရှိသူများ တင်ပြကြသည့် ပညာရေး၊ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးများအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယသမ္မတက ဆက်လက်ပြောကြားရာတွင် နာဂဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ငွေကျပ်သိန်း ၁၀၀၀ နှင့် လုပ်ငန်းရှင်များက ငွေကျပ်သိန်း ၄၀၀၀ တို့ကို နာဂရိုးရာ နှစ်သစ်ကူးပွဲတော်တွင် လှူဒါန်းခဲ့ပါကြောင်း။

အဆိုပါ အလှူငွေကျပ်သိန်း ၅၀၀၀ အနက် ငွေကျပ်သိန်း ၂၀၀၀ ကို အဓိက ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများအတွက် လည်းကောင်း၊ ငွေကျပ်သိန်း ၃၀၀၀ ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျော့နည်းပပျောက်ရေး လုပ်ငန်းများအတွက် လည်းကောင်း အရင်းမပျောက် ရန်ပုံငွေများအဖြစ် စနစ်တကျ သုံးစွဲဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

ခရီးစဉ်အတွင်း ဆေးရုံငွေပဒေသာပင်များ၊ ဒေသဝန်ထမ်းများ၏ လိုအပ်ချက်များအတွက် စီစဉ်ပံ့ပိုး ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ရေရရှိရေး၊ လယ်ယာဖော်ထုတ်ရေးကိစ္စများအတွက်လည်း နယ်စပ်ရေးရာဝန်ကြီးဌာနက ရန်ပုံငွေများ ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဒေသသို့ ပံ့ပိုးပေးခဲ့သော မတည်ရန်ပုံငွေကျပ်သိန်း ၅၀၀၀ ကို ရေရှည်ဆောင်ရွက်ရန် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးလုပ်ငန်းများတွင် အဓိကအားဖြင့် ကလေးသူငယ်များ ကျောင်းနေနိုင်ရေး၊ ကျောင်းနေမြဲရေး၊ စဉ်ဆက်မပြတ် ပညာသင်ကြားခြင်း၊ ပညာထူးချွန်သော်လည်း အဆင့်မြင့်ပညာသင်ယူရန် အခက်အခဲရှိသူများအားထောက်ပံ့ပေးခြင်း စသည့်လုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပံ့ပိုးကူညီပေးသွားရန်နှင့် အဆိုပါရန်ပုံငွေကိုလည်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့နှင့် ရပ်မိရပ်ဖတို့ ဆက်စပ်ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ ဒေသဦးစီးအဖွဲ့အနေဖြင့် ရန်ပုံငွေထိန်းသိမ်းမှု စနစ်တကျရှိရေး၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာများနှင့်အညီ ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ ရရှိအောင် ထိန်းကျောင်းပေးရန် ဖြစ်ပါကြောင်း။

ယင်းရန်ပုံငွေမှ ချေးငွေထုတ်ပေးရာတွင်လည်း ချေးငှားသူ သက်သာမှုရှိစေရန်အတွက် ငွေနှစ်ကျပ်တိုးထက်မများရန်လိုကြောင်း၊ ရရှိသည့် အတိုးအညွန့်၏ ၅၀ ရာခိုင်နှုန်းကို ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပံ့ပိုးပေးသွားရန်ဖြစ်ပါကြောင်း၊ ကျန် ၅၀ ရာခိုင်နှုန်းကို ရန်ပုံငွေတိုးပွားအောင်ထည့်သွင်းသွားရန်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ ထိထိရောက်ရောက်နှင့် အကျိုးရှိစေရေးအတွက် အားလုံးက ညီညီညွတ်ညွတ် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့သည်။

(သတင်းစဉ်)

...လေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ
...် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေး
...င် သားဖွားခန်းများအတွက် သားဖွားခန်းသုံး
...ပ်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ “မိုက်မဲမှုကြောင့်ဆင်းရဲမှုဖြစ်ရသည်” တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ” (အပိုင်း-၉၀)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွန်ရာ” (အပိုင်း-၄၃)**
၈း၄၅ The Shop Around The Corner (Part-2)
၈း၅၅ Life & Dance 10th Anniversary Dance Concert (Part-2)
၉း၄၀ ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်း၏ဒုတိယခြေလှမ်း
၉း၅၅ ရန်ကုန်မြင်ကွင်းကျယ်
၁၀း၁၅ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် မြတ်ဆရာပူဇော်ပွဲ
၁၀း၃၀ ဓာတ်ပုံထဲမှအမှတ်တရများ
၁၀း၅၅ သဒ္ဒါကြည်ဖြူကုသိုလ်ယူ ဖန်ခါးမြေမှ သိမ်ကျောင်းအလှူ
၁၁း၀၅ အမေများပျော်တဲ့နေ့
၁၁း၁၅ “ပညာဒါနလင်းလက်စေရာ အလက(၁၄)အောင်မြေသာစံမြို့နယ်မှာ”
၁၁း၃၅ ပိုမိုတောက်ပသန့်ရှင်းစေမည့် KANSAI PAINT
၁၁း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်” (အပိုင်း-၂၈)**
၁၂း၂၀ ရန်ကုန်မြင်ကွင်းကျယ်
၁၂း၃၅ ဖန်သားရုပ်မြင်စာဆိုသဘင် “ကော်ပိုရေးရှင်းများ၏ လူမှုရေးတာဝန်ယူမှုအပိုင်း ပိုတိုးတက်လာစေရေးတွေ မီဒီယာ၏ အခန်းကဏ္ဍ” (ငွေသော်တာ)
၁း၀၀ “မိုက်မဲမှုကြောင့်ဆင်းရဲမှုဖြစ်ရသည်” တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၂း၀၀ MRTV-4 သတင်း
၂း၂၀ ရန်ကုန်မြင်ကွင်းကျယ်
၂း၃၀ HIGH CLASS ၏ Happy New Year Eve Party (Inya Lake Hotel)
၂း၅၀ ထားဝယ်အသင်း၏ ရာပြည့်မှတ်တိုင်ခရီးဆီသို့
၃း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ” (အပိုင်း-၉၀)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွန်ရာ” (အပိုင်း-၄၃)**
၄း၄၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၁၀ ရန်ကုန်မြင်ကွင်းကျယ်
၅း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်”(အပိုင်း-၂၈)**
၆း၀၀ MRTV-4 သတင်း
၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ” (အပိုင်း-၉၁)**
၇း၁၅ Life & Dance 10th Anniversary Dance Concert (Part-3)
၈း၀၀ MRTV-4 သတင်း
၈း၃၀ New Star Gems & Jewellery Show (Part-1)
၉း၂၀ The Shop Around The Corner (Part-3)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွန်ရာ” (အပိုင်း-၄၄)**
၁၀း၁၅ Celebrity Style
၁၀း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်” (အပိုင်း-၂၉)**
၁၁း၂၀ အလှဂုဏ်ဆောင် လူကြိုက်များ မြန်မာ့ဂုဏ်ရောင် မင်းဟန် ကျောက်စိမ်းပြား
၁၁း၃၅ World of Knowledge
၁၂း၂၅ အနာဂတ်ရင်သွေးငယ်များ၏ အရည်အသွေး (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
၁၂း၄၀ လှပချစ်စရာလက်မှုအနုပညာ
၁း၀၅ ဖွံ့ဖြိုးဝေဆာ သပြေတန်းရွာ ခြွေလှေ့စက်လက်မှုပညာ
၁း၁၅ Box Office Movies (300)
၁း၄၅ စိတ်ကူးတို့နှင့် မြမြင့်မိုရ်
၂း၀၅ ပြီးပြည့်စုံသော ကျန်းမာခြင်းများနှင့်. . .
၂း၁၅ ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့ အလည်တစ်ခေါက်
၂း၄၀ ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
၂း၅၀ ကိုယ်တိုင်ရေးတဲ့သင်ခန်းစာ (ကောင်းခန့်၊ ဟေမာန်အောင်အောင်)
၂း၅၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၃း၅၅ ငြိမ်းချမ်းခြင်းသရုပ်. . . အေးချမ်းမှုအလှ
၄း၁၅ ဒွိတိုင်းဌာနီဧရာဝတီ (ကြီးမားဖွံ့ထွားဧရာဝတီရဲ့ငါး)
၄း၃၅ ပရအကျိုးသယ်ပိုးနေမည် မေတ္တာဝါဒီ
၄း၅၀ ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ
၅း၀၀ အစီအစဉ်ပြီး။

တစ်ဧက တင်း ၂၀၀ အထက်ထွက်မည့် ပုလဲသွယ်စပါးမျိုးများ ထုတ်လုပ်ဖြန့်ဖြူးနေ သိပ္ပံနည်းကျစိုက်နည်းစနစ်များ လိုက်နာဆောင်ရွက်ခြင်းဖြင့် အထွက်တိုး ဝင်ငွေတိုးမည်

နေပြည်တော် ဇန်နဝါရီ ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် မိုင်းတင်းဒေသမှ လေ့လာရေးရောက်ရှိလာကြသော ရှမ်းတိုင်းရင်းသား တောင်သူလယ်သမား ၅၅ ဦးအား ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုရှိ တောင်သူပညာပေး စက်မှုလယ်ယာစနစ် ဧက ၅၀၀ စိုက်ကွင်း၌ တွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီးက ရေရှိ၊ မြေရှိလျှင် အလုပ်အကိုင် အခွင့်အလမ်းပေါ်များကြောင်း၊ ပညာမတတ်၍ လယ်လုပ်ရသည်ဆိုသော အတွေးအခေါ်ကို ပြောင်းလဲ၍ ပညာတတ်၊ စာတတ်ပြီး စိုက်ပျိုးရေးဗဟုသုတများစွာဖြင့် လယ်လုပ်မှ ကြီးပွားတိုးတက်မည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားချက်နှင့်အညီ တောင်သူလယ်သမား မိသားစုများ မပူမပင်၊ မကြောင့်မကြ၊ မတောင့်မတ နေထိုင်နိုင်ရန် စိုက်ပျိုးရေးအသိပညာများ ကျယ်ကျယ်ပြန့်ပြန့် ရရှိစေရေးအတွက် ဤစံနမူနာပြစိုက်ခင်းအား ထူထောင်ပြသပြီး နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တောင်သူလယ်သမားများ၏ အဓိက သီးနှံဆန်စပါးစိုက်ပျိုး၍ ဝင်ငွေတွက်ခြေကိုက်ရေးအတွက် မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးနိုင်ရန် တစ်ဧကတင်း ၂၀၀ အထက် ထွက်ရှိမည့် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနေကြောင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များအား လိုက်နာဆောင်ရွက်ကြပြီး သွင်းအားစု ဓာတ်မြေဩဇာများကို အချိုးကျ အချိန်ကိုက် ထည့်သွင်းသုံးစွဲခြင်းဖြင့် ဝင်ငွေတိုးတက်လာကာ လူနေမှုဘဝ မြင့်မားလာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လေ့လာရေးတောင်သူများသည် ၁၈ ရက်သားသက်တမ်းရှိ ပုလဲသွယ် စပ်မျိုးစပါး ပျိုးပင်များကို ချက်ချင်းနုတ် ချက်ချင်းစိုက် သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးနေမှု၊ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့များကို တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးရန် မျိုးစေ့သန့်စင်စက်ကြီးများဖြင့် သန့်စင်နေမှု၊ ထုပ်ပိုးမှုအဆင့်ဆင့်နှင့် ၈ နာရီလျှင် စပါးတင်း ၁၅၀ အခြောက်ခံနိုင်သော စပါးအခြောက်ခံစက်တို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက လေ့လာရေးအဖွဲ့ဝင်များအား ပုလဲသွယ်ဆန်များနှင့် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့များကို လက်ဆောင်ပေးကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် တောင်သူပညာပေး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စိုက်ခင်းရှိ ငရုတ်၊ သခွား၊ ဖရဲ၊ မုန်ညင်း၊ မုန်လာအမျိုးမျိုး၊ ခရမ်းနှင့် ပြောင်းချို စိုက်ခင်းများကို လည်းကောင်း၊ ရက်သား ၄၀ သက်တမ်းရှိ ပုလဲသွယ်စပ်မျိုးစပါး စိုက်ခင်းကို လည်းကောင်း၊ စင်တင်စိုက်ပျိုးပြသထားသော စပ်မျိုးဘူးပင်မှ ပန်းပွင့်နှင့်အသီးများ ဖြစ်ထွန်းအောင်မြင်နေမှုများကို လည်းကောင်း၊ တစ်ဧက တန် ၆၀ ထွက်ရှိနိုင်သည့် ရက်သား ၂၃၀ ရှိ အထူးအထွက်တိုး မျိုးသန့်မျိုးပွား ကြံ ၁၀ ဧကစိုက်ခင်းကို လည်းကောင်း ကြည့်ရှုကြပြီး ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသား လေ့လာရေးအဖွဲ့ခေါင်းဆောင် မိုင်းတင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုင်းစိုးမောင်နှင့်အဖွဲ့အား စားသောက်ဖွယ်ရာများကို လက်ဆောင်ပေးသည်။

ထို့နောက် လေ့လာရေးတောင်သူများသည် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာရှိ တောင်သူပညာပေး စိုက်ခင်း ဧက ၄၀ ၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဗီယက်နမ်မျိုးစေ့ထုတ် ကုမ္ပဏီ (Vietranimex)တို့ ပူးပေါင်းဆောင်ရွက်သည့် ၆၅ ရက်သား သက်တမ်းရှိ ဗီယက်နမ်မျိုး ပုလဲသွယ်စပ်မျိုးစပါး ၁၁ မျိုး သုတေသန စိုက်ခင်းများ၏ ပင်ပွားများ ပွားစည်းနေမှုနှင့် စပါးခင်းအနီး ဖြစ်ထွန်းအောင်မြင်နေသော နဂါးမောက်သီးစိုက်ခင်းတို့ကို လည်းကောင်း၊ ဇေယျာသီရိမြို့နယ် အဆင့်မြင့်စက်မှုလယ်ယာ ဧက ၃၀ တောင်သူပညာပေးစိုက်ခင်း၌ ဖြစ်ထွန်းအောင်မြင်နေသော နဂါးမောက်သီးစိုက်ခင်းကို လည်းကောင်း၊ ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေး သုတေသနမျိုးစေ့ဘဏ်၌ မျိုးစေ့များ သိုလှောင်ထိန်းသိမ်းထားရှိမှုများ၊ အဓိက သီးနှံဆန်စပါးနှင့် အခြားသီးနှံများ သုတေသနပြု ဆောင်ရွက်ထားရှိမှုများ၊ စပ်မျိုးပြောင်းနှင့် စပ်မျိုးနေကြာ စိုက်ပျိုးထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို လည်းကောင်း ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကျောက်မဲမြို့နယ် မိုင်းတင်းဒေသမှ လေ့လာရေးရောက်ရှိလာကြသော ရှမ်းတိုင်းရင်းသား တောင်သူလယ်သမားများအား ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုရှိ တောင်သူပညာပေး စက်မှုလယ်ယာစနစ် ဧက ၅၀၀ စိုက်ကွင်း၌ ရှင်းလင်းပြသစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား အီတလီသံအမတ်ကြီး လာရောက်တွေ့ဆုံ မြန်မာနိုင်ငံသို့ ပံ့ပိုးကူညီခဲ့သောချေးငွေများကို အကောင်းဆုံးခွဲဝေအသုံးချရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အီတလီသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Paolo Andrea Bartorelli သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး(အပေါ်ပုံ) **အီတလီနိုင်ငံမှ မြန်မာနိုင်ငံသို့ ပံ့ပိုးကူညီပေးခဲ့သော တရားဝင်ဖွံ့ဖြိုးမှုအကူအညီ (Official Development Assistance -ODA) ချေးငွေဆိုင်ရာကိစ္စရပ်များ၊ ယင်းချေးငွေများကို မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် အကောင်းဆုံး ခွဲဝေအသုံးချနိုင်မည့်ကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျောက်တံခါးကျေးရွာ၌ ကျင်းပသည့် ကျောက်တံခါး၊ တောင်ပေါ်(တောင်) (မြောက်)၊ မြောက်တောစသည့် ကျေးရွာအုပ်စုလေးအုပ်စုတို့အတွက် အဝတ်အထည်များနှင့် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသခံပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများတွင် ပိုမိုတိုးတက်မြင့်မားစေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအားလုံးက တက်ညီလက်ညီအင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းသွားကြရန်လိုကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျေးရွာများအတွက် အဝတ်အထည်များနှင့် စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်တံခါးကျေးရွာ၌ တစ်ပိုင်တစ်နိုင်ဆောင်ရွက်နေသော ဖြုန်းအုတ်လုပ်ငန်းကိုလည်းကောင်း၊ စိတ္တိန်းကျေးရွာ၌ တောင်သူများ၏ ကြက်သွန်ဧက ၁၈၀ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြင်းခြံမြို့ မြန်မာ့စီးပွားရေးဘဏ် ခရိုင်မန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ မှာကြားရာတွင် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာ၌ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျမှန်ကန်စွာ အလေးထားဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ လုပ်ငန်းတာဝန်များကို စိတ်ရင်းစေတနာအမှန်ဖြင့် ချိုသာပျူငှာစွာ ပြောဆိုဆက်ဆံ၍ ဆောင်ရွက်ခြင်း၊ ရိုးဖြောင့်မှန်ကန်တာဝန်သိစွာ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းတိုးတက်အောင်မြင်မှုများ ရရှိမည်ဖြစ်ကြောင်း၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးပြုကြရန်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိမိတို့နေအိမ်တွင်

(က) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။
(ခ) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ လှေကားများကို စနစ်တကျထားရှိပါ။
(ဂ) မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။
(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။
(စ) လောင်စာဆီအနီး မီးခြစ် ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။
(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံးမပြုပါနှင့်။
(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက် ထွန်းမထားပါနှင့်။
(ဈ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ ပစ်ပါ။

မီးသတ်ဦးစီးဌာန

ပဥ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၇

၂၀၁၂ ခုနှစ် ပဥ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော် ဘော်လီဘောကွင်း၌ ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းကို သုံးပွဲ - တစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။ ဒုတိယအဆင့် အုပ်စု ရှုံး/ထွက် ပြိုင်ပွဲများကို ဇန်နဝါရီ ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ရာ နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ စက်မှုဝန်ကြီးဌာနအသင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနအသင်း၊ ညနေပိုင်းတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ်ဝန်ကြီးချုပ် မုဒုံမြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၇

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် မုဒုံမြို့ ဗဟိုစိုက်ပျိုးရေးခြံရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနခွဲသို့ သွားရောက်၍ မျိုးသန့်မျိုးပွား မျိုးစေ့များ သိုလှောင်ထားရှိမှုနှင့် မျိုးစေ့သန့်စင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဘဲရမ်းကုန်ထုတ်လယ်ယာ အသင်းက မွေးမြူထားသည့် နွားမွေးမြူရေးခြံ၌ အသေးစားဇီဝဓာတ်ငွေ့ကန် တူးဖော်နေမှု၊ ဘဲရမ်းစံပြလယ်ယာမြေတွင် စပ်မျိုးစပါးပျိုးထောင်ထားရှိမှုနှင့် နွေစပါးစိုက်ပျိုးရန် လယ်ယာမြေ ပြုပြင်ထွန်ယက်နေမှုများကို လည်းကောင်း၊ တောင်သူ ဦးသန်းဇော်၏ ဥယျာဉ်ခြံ လေးဧကတွင် သရက်၊ ဒူးရင်း၊ ကျွဲကောနှင့် ရော်ဘာပျိုးပင်များ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် အဇင်းဆည်ရေသောက် ဥယျာဉ်ခြံတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၃) သာကေတ (၁၃)ကြိမ်မြောက်အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

သာကေတမြို့နယ် အထက(၃) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါ ကျောင်းခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ရန် ဖိတ်ကြားထားကြောင်း၊ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်လူငယ်များ တက်ရောက်ပူဇော်ကန်တော့ကြပါရန်နှင့် အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများအတွက် အလှူငွေနှင့် ပစ္စည်းများထည့်ဝင် လှူဒါန်းလိုပါက ဒေါ်ခင်အေးကြူ ဖုန်း-၅၅၈၁၄၅၊ ဦးတင်မြင့် ဖုန်း-၀၉-၇၃၀၀၅၂၅၉၊ ဦးဝင်းဗိုလ် ဖုန်း-၀၉-၅၁၁၂၇၆၂၊ ဦးမြင့်ငွေ ဖုန်း-၀၉-၅၁၁၅၃၃၀ နှင့် ဒေါ်ခင်သိန်းဝင်း ဖုန်း-၀၉-၅၄၀၆၈၄၁ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအလှူငွေများ နာဂရိုးရာနှစ်သစ်ကူးပွဲတော်၌ လှူဒါန်းခဲ့ ကလေးသူငယ်များ ကျောင်းနေနိုင်ရေး၊ ကျောင်းနေမြဲရေး ထောက်ပံ့ပေး၊ ကျန်းမာရေးစောင့်ရှောက်မှုတွင် ပံ့ပိုးကူညီ

နေပြည်တော် ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး လေရှီးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းတွင် လေရှီးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး လေရှီးမြို့၏ အနောက်ဘက်ခြမ်းဒေသရှိ လှေကားထစ်တောင်ယာစိုက်ပျိုးရေး၊ လမ်းပန်းအခြေအနေ၊ သစ်တောအခြေအနေများအား ရဟတ်ယာဉ်ပေါ်မှ လမ်းတစ်လျှောက်ကြည့်ရှုကာ ဆွမ္မရာစ်ပြကျေးရွာသို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံနာဂတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဆွမ္မရာအခြေခံပညာအထက်တန်းကျောင်း၌ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ကျောင်းအုပ်ကြီးရုံးခန်း၌ ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းပြီး ကျောင်းဆောင်သစ်တိုးချဲ့ရေးနှင့် ဆရာ၊ ဆရာမဝန်ထမ်းအိမ်ရာဆောက်လုပ်ရေးအတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဆွမ္မရာစ်ပြကျေးရွာ တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ကျောင်းခန်းမဆောင်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ယနေ့မိမိတို့အဖွဲ့ ဆွမ္မရာသို့ ရောက်ရှိလာကြခြင်းမှာ ဤဒေသသည် ရာသီဥတုနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေများအရ သွားလာဆက်သွယ်ရန် ခက်ခဲသည့် ဒေသတစ်ခုဖြစ်ပြီး ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးမှုနောက်ကျခဲ့ရကြောင်း။

ထို့ပြင် ဤဒေသမှာ တစ်ဖက်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိနေသဖြင့် နှစ်နိုင်ငံဆက်ဆံဆက်သွယ်မှုများ အဆင်ပြေမှုရှိစေရန် လိုအပ်ကြောင်း၊ ဤဒေသ၏ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဆွမ္မရာကျေးရွာအုပ်စုထဲတွင် ကျန်ကျေးရွာအုပ်စုများ ပေါင်းစည်း၍ **စာမျက်နှာ ၉ ကော်လံ ၁ သို့☆**

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဆွမ္မရာစ်ပြကျေးရွာရှိ ဒေသခံနာဂတိုင်းရင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒေသဝမ်းစာဖူလုံသော်လည်း အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းတိုးရေးကို ဆက်လက်ကြိုးပမ်း သစ်ထုတ်လုပ်ငန်းနှင့် ရွှေလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်မပျက်စီးရန် အလေးထားကြပ်မတ်

နေပြည်တော် ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး လေရှီးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် လေရှီးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး မိုပိုင်းလွတ်မြို့နယ်ခွဲသို့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရောက်ရှိသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြို့နယ်ခွဲခန်းမဆောင်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မိုပိုင်းလွတ်မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးက မြို့နယ်ခွဲ၏ ဒေသဆိုင်ရာ အချက်အလက်များ၊ အုပ်ချုပ်စီမံကိန်းစွရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက နိုင်ငံတော်က မြို့နယ်ခွဲများကို မြို့နယ်တစ်ခုနှင့်တစ်ခုအကြား **စာမျက်နှာ ၆ ကော်လံ ၁ သို့◆**

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဟုမ္မလင်းမြို့ မြို့နယ်အားကစားခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)